ကိုယ်တော်မြတ်ပွဲ သို့မဟုတ် အသွေးတော်အသားတော်ပွဲနေ့

သခင်ယေရှုရဲ့အသွေးတော်အသားတော်ပွဲ၊ (သို့မဟုတ်) ကိုယ်တော်မြတ်ပွဲကို ပုဂ္ဂိုလ်သုံးပါးဘုရားတဆူပွဲပြီး လိုက်လာတဲ့ ကြာသပတေးနေ့မှာကျင်းပရိုးထုံးစံရှိပါတယ်။ ဒါပေမဲ့အခုအချိန်မှာတော့ နိုင်ငံတော်တော်များများဟာ ပုဂ္ဂိုလ်သုံးပါးဘုရားတဆူပွဲပြီး လိုက်လာတဲ့ တနင်္ဂနွေနေ့မှာ ကျင်းပလာခဲ့ပါတယ်။ တချို့သောနေရာဒေသမှာဆို ကိုယ်တော်မြတ်စီတန်းလှည့်လည်ခြင်းနဲ့လည်း ကျင်းပကြပါတယ်။

သစ္စာဆိုခြင်း–(သို့မဟုတ်) ပဋိညာဉ်– Covenant ဆိုတဲ့စာလုံးဟာ ကျမ်းစာသုံးစောင်စလုံးမှာတွေ့ရပါတယ်။ ဓမ္မဟောင်းမှာဆိုရင် ဘုရားဟာ မိမိရွေးကောက်ထားတဲ့လူမျိုးတော်တွေနဲ့ သစ္စာဆိုခြင်း– ပြုလုပ်တာကိုတွေ့ရပါတယ်။ အဲဒီ သစ္စာဆိုခြင်းကို ပြန်လည်သတိရပြီး တိရိစ္ဆာန်တွေရဲ့အသွေးကိုသွန်းလောင်းခြင်းအားဖြင့် ပြန်လည်အတည်ပြုတယ် လို့ဆိုပါတယ်။ အခု ဒီနေရာမှာကျတော့ အသစ်သော သစ္စာဆိုခြင်းနဲ့ပတ်သက်ပြီး သခင်ဘုရားက ကြားဝင်လိုက်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ အခုအချိန်မှာ ရှေးယခင်ကကဲ့သို့ သိုးနွား အစရှိတဲ့ တိရိစ္ဆာန်တွေရဲ့အသွေးကိုသွန်းလောင်းခြင်း မလိုတော့ပါ။ သခင်ဘုရားရဲ့အသွေးတော်သွန်းလောင်းခြင်းဟာ ပြည့်စုံတဲ့သွန်းလောင်းခြင်းဖြစ်တယ်။ အသစ်သော ပဋိညာဉ်ဟာ လူသားထုတရပ်လုံးကို လွှမ်းခြုံပါတယ်။

ကျေးဇူးဆပ်တင်ခြင်း–မဿားပူဇော်ခြင်းဟာ ကျေးဇူးဆပ်တင်ခြင်းအချိန်လည်းဖြစ်ပါတယ်။ ကျေးဇူးဆပ်တင်ဘို့အတွက် ဘယ်နှစ်ကြိမ် မဿားပူဇော်ခြင်းကိုချည်းကပ်ပါသလဲ။ မဿားတရားတော်ရဲ့အလယ်ဗဟိုအချိန်ကာလမှာဘုရားသခင်ဟာအသားတော်ဘုရား အားဖြင့် ကျွန်ုပ်တို့ဆီသို့ ဆင်းကြွလာတယ် ဆိုတာကို ထင်ရှားစွာ တွေ့မြင်ရပါတယ်။ အသက်ရှင်ပြီး ကျွန်ုပ်တို့အတွက်အသေခံတော်မူတယ်။ ကျွန်ုပ်တို့အတွက်ကျေးဇူးတော်များကို စေလွှတ်တယ်။ ကျွန်ုပ်တို့ကို ပျော်ရွှင်ဝမ်းမြောက်ခြင်းနဲ့ လွပ်လပ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်းကို ရရှိစေပါတယ်။

မစ္ဆားတရားတော်ဟာ ပြန်လည်ကျေအေးခြင်းအချိန်လည်းဖြစ်ပါတယ်။ တချို့များ အပြစ်ရှိရင် မစ္ဆားတရားတော်ဆီကိုမလာရဘူးလို့ မှားယွင်းစွာနားလည်တတ်ပါတယ်။ တကယ်တော့ လူတိုင်းလူတိုင်း အယောက်တိုင်းဟာ အပြစ်သားများအဖြစ် ပူဇော်ရာယဇ်ပလ္လင်ကို ချည်းကပ်ကြပါတယ်။ ဘာဖြစ်လဲဆိုတော့ ကျွန်ုပ်တို့ဟာ အပြစ်သားများဖြစ်လို့ဘဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်းဘဲ (ကျွန်ုပ်သည် စိတ်၊ နှုတ်၊ အကျင့်ပျက်ကွက်ခြင်းတို့ဖြင့်---) ဆိုပြီး အပြစ်အခွင့်ချမ်းသာ တောင်းလျှောက်ခြင်းကနေ စတင်ပါတယ်။ ဒါဟာ အများရှေ့မှာ အပြစ်ရှိကြောင်း ဝန်ခံခြင်းတမျိုးဖြစ်ပါတယ်။ ကိုယ်တော်မြတ်ပင့်ခါနီး လည်းဘဲ ကျွန်ုပ်၏အပြစ်များကိုလည်း အခွင့်လွှတ်တော်မူပါ ဆိုပြီး ကောင်းကင်ဘုံမေတ္တာထဲမှာ အပြစ်အခွင့်ချမ်းသာတောင်းလျှောက်ကြပါတယ်။ (မာတေဦး ၅း၂၃-၂၄) မှာ -သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစုံတခုရှိသည်ဟု အောက်မေ့သတိရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍ သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ပူဇော်သက္ကာကိုတင်လော့။- ဆိုပြီးတွေ့ရ ဖတ်ရပါတယ်။

ကိုယ်တော်မြတ်ပင့်ယူခါနီးဆဲဆဲ- ကျွန်ုပ်၏အိမ်မိုးအောက်ကိုကြွဝင်ရန် အကျွန်ုပ် မထိုက်တန်ပါ- ဆိုပြီး - ကျွန်ုပ်တို့ ရွတ်ဆိုကြပါတယ်။

တခါ -အချင်းချင်းကျေအေးခြင်းအမှတ်လက္ခဏာ ကမ်းလှမ်းကြပါစို့ ဆိုပြီး ကိုယ်တော်မြတ်ပင့်မည့်ဆဲဆဲ ကျွန်ုပ်တို့ပြုလုပ်ကြပါတယ်။

၁-စည်းလုံးညီညွတ်ခြင်းနှင့်အနစ်နာခံသောမေတ္တာ ဆိုတဲ့အကြောင်းအရာ ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်လက်ခံကြရမှာဖြစ်ပါတယ်။ ကိုယ်တော်မြတ်စက္ကရင်မင်တူး (သခင်ဘုရားရဲ့အသွေးတော်အသားတော်) အသင်းအဖွဲ့ရဲ့စည်းလုံးညီညွတ်ခြင်း၊ သခင်ဘုရားရဲ့မိမိကိုယ်ကိုပူဇော်ဆက်ကပ်ခြင်းမှပေါ်ထွက်လာတဲ့ ပဋိညာဉ် ကသင်ကြားပါတယ်။ ရဟန္တာကျွန်ခရစ်ဆော့စတူမ်း မိန့်တော်မူခဲ့ပါတယ်။ ဒီမုန့်ဟာ

ဘယ်လိုသောမုန့်မျိုးလဲ။ သခင်ဘုရားရဲ့ခန္ဓာတော်ဖြစ်ပါတယ်။
ထိုခန္ဓာတော်ကိုပင့်ယူသူတွေဟာ ဘာတွေဖြစ်လာကြပါသလဲ။
ကိုယ်တော်ရဲ့ခန္ဓာတော်ဖြစ်လာကြပါတယ်။ မုန့်ဖြစ်လာဘို့အတွက် ဂျုံစပါးစေ့တွေဟာ
စုစည်းလာကြပြီး၊ တခုနဲ့တခုမကွဲမကွာဘဲ ပေါင်းစည်းလာကြသကဲ့သို့
ခရစ်တော်ဘုရားနဲ့ကျွန်ုပ်တို့ ပေါင်းစည်းလာကြပါတယ်။ မုန့်ဖြစ်လာဘို့အတွက်
ဂျုံစပါးစေ့တွေဟာ အတူတကွအထောင်းအကြိတ်ခံ ပေါင်းစပ်သကဲ့သို့၊
စပျစ်ရည်ဖြစ်လာဘို့အတွက် များစွာသော စပျစ်သီးများလည်း
စုပေါင်းပြီးအထောင်းအကြိတ်ခံရသကဲ့သို့ ဒီပူဇော်ခြင်းမှာ
ကျွန်ုပ်တို့အားလုံးစုသိမ်းပေါင်းစည်းလာကြတဲ့သူများ ဖြစ်လာကြပါတယ်။
တဦးနဲ့တဦးစည်းလုံးညီညွတ်ခြင်းရှိကြဘို့ ၊ ခရစ်တော်ဘုရားကဲ့သို့
ကျွန်ုပ်တို့ဟာပြောင်းလဲဘို့အတွက်
သန့်ရှင်းသောဝိညာဉ်တော်ကျွန်ုပ်တို့ကိုပြုပြင်ဘို့အတွက်အခွင့်ပေးဘို့၊
သခင်ဘုရားနဲ့အတူတကွအလုပ်လုပ်နိုင်ဘို့အတွက် ဒီမုန့်နဲ့စပျစ်ရည်ကို
သခင်ဘုရားရွေးချယ်ခဲ့ပါတယ်။ သခင်ခရစ်တော်ဟာ ဦးခေါင်း–ကျွန်ုပ်တို့ဟာ
ကိုယ်တော်ရဲ့ခန္ဓာတော်ဖြစ်ပါတယ်။ ကိုယ်တော်နှင့်အတူကျွန်ုပ်တို့
တလုံးတဝတည်းဖြစ်ကြပါတယ်။ ကျွန်ုပ်တို့ရဲ့အချိန်နဲ့အစွမ်းအစများကို
ခရစ်တော်ရဲ့နက်နဲသော
ခန္ဓာတော်ရဲ့အဖွဲ့ဝင်များအတွက်ဆက်ကပ်လုပ်ဆောင်ခြင်းဆိုတဲ့
ဘုရားအတွက်ပေးလှူဘို့ ဆိုတဲ့စိတ်ဆန္ဒက ကျွန်ုပ်တို့ကို ပေါင်းစည်းစေပါတယ်။
ဒါဟာတခုတည်းသောမုန့်နှင့် တခုတည်းသော ခွက်ဖလားမှာ
ပါဝင်သုံးဆောင်ခြင်း၌ပေါ်လွင်ပါတယ်။ ကိုယ်တော်မြတ်စက္ကရင်မင်းတူးဟာ
ကျွန်ုပ်တို့အားလုံး ချစ်ခြင်းမေတ္တာ၌ပေါင်းစည်းခြင်းကို
ခိုင်မာအောင်အားပေးတဲ့အကြောင်းရင်းဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိရမှာ
ဖြစ်ပါတယ်။

၂–ကိုယ်တော်မြတ်ကိုထိုက်တန်စွာပင့်ယူဘို့အတွက်
ကောင်းစွာပြင်ဆင်ကြရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့မသန့်ရှင်းစင်ကြယ်ခြင်း၊

တရားမျှတမှုမရှိခြင်း၊ ဘုရားရဲ့နှုတ်ကပတ်တော်ကို နာခံမှုမရှိခြင်း၊ အစရှိသောအချက်တွေကြောင့် ကျွန်ုပ်တို့အထဲမှာရှိတဲ့ ဘုရားရဲ့ပုံသဏ္ဍာန်တော်ကို ပုံပျက်ပန်းပျက်ဖြစ်စေခဲ့ပါတယ်။ ဒီအတွက် ကိုယ်တော်မြတ်ကို မပင့်ယူခင်အမြဲတမ်းနောင်တယူဘို့လိုအပ်ပါတယ်။ အပြစ်ကြီးတွေအတွက် အာပတ်ဖြေခြင်းကို ခံယူဘို့လိုအပ်ပါတယ်။ ၁ ကောရိန်သု ၁၁း၂၇၊ ၂၉ (သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက်တန်ဘဲစားသောက်သောသူမည်သည်ကား၊ ဥခင်ဘုရား၏ကိုယ်တော်နှင့်အသွေးတော်ကို ပြစ်မှားရာရောက်၏။ မထိုက်မတန်ဘဲစားသောက်သောသူသည် သခင်ဘုရား၏ကိုယ်တော်ကို ပိုင်းခြား၍မသိသောကြောင့် မိမိအပေါ် သို့အပြစ်ရောက်စေခြင်းငှာ စားသောက်သောသူဖြစ်၏)။

ကိုယ်တော်မြတ်စက္ကရင်မင်တူးကို စစ်မှန်တဲ့ချစ်ခြင်းနဲ့ ရှိသေကိုင်းညွတ်ခြင်း ပင့်ယူကြရမှာဖြစ်ပါတယ်။ သံပေါလူးလည်း ခရစ်တော်၏နက်နဲသော ခန္ဓာတော်အကြောင်းကို ဘယ်လိုရှင်းပြသလဲ ဆိုရင်–ယဇ်ပလ္လင်ရှေ့မှာ စုရုံးလျက်ရှိတဲ့ ဘုရားရဲ့လူမျိုးတော်ဟာ စည်းလုံးညီညွတ်ခြင်းအမှတ်လက္ခဏာဖြစ်ပြီး အဲဒီလိုမြင်နိုင်တဲ့ ကိုယ်တော်မြတ်စက္ကရင်မင်တူးအား ရှိသေကိုးကွယ်ခြင်းကို ထင်ရှားပေါ် လွင်စေသောအမှတ်လက္ခဏာနဲ့ လူတွေဟာ ရှိုင်းစိုင်းခြင်း၊ အကြင်နာကင်းမဲ့ခြင်း၊ ရက်စက်ခြင်း၊ အတင်းအဖြင်းပြောဆိုခြင်း (သို့မဟုတ်) ညီအစ်ကိုမောင်နှမများဆီသို့ ချစ်ခြင်းမေတ္တာကို တနည်းနည်းနဲ့ထိခိုက်စေခြင်းတွေနဲ့ အတူတူမပေါင်းနိုင်ဘူးဆိုတာကို ကျွန်ုပ်တို့ သိရှိရမှာ ဖြစ်ပါတယ်။

၃–ကျွန်ုပ်တို့ဟာ သခင်ဘုရားအား သယ်ဆောင်သူများ ဖြစ်ကြရမှာဖြစ်ပါတယ်။ ကိုယ်တော်မြတ်စက္ကရင်မင်တူးကို ပင့်ယူခြင်းအားဖြင့် မယ်တော်ကဲ့သို့ ကျွန်ုပ်တို့ဟာ သခင်ယေရှုကို သယ်ဆောင်သူများ ဖြစ်ကြရမှာဖြစ်ပါတယ်။ အိမ်မှာသော်လည်းကောင်း၊ လုပ်ငန်းခွင်မှာသော်လည်းကောင်း၊ ချစ်ခြင်းမေတ္တာအားဖြင့်၊ သနားခြင်းအားဖြင့်၊ အပြစ်အခွင့်လွှတ်ခြင်းအားဖြင့်၊ နှိမ့်ချခြင်းအားဖြင့်၊ အနစ်နာခံခြင်းအားဖြင့် သခင်ဘုရားကိုသယ်ဆောင်ရမှာ ဖြစ်ပါတယ်။